**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
**Website:** www.cnfhqr.org **Email:** cnf.headquarters@gmail.com

# CNF မှ ပေးပို့သော
# KIO/ KIA တည်ထောင်ခြင်း (၆၅) နှစ်မြောက် ဂုဏ်ပြု သဝဏ်လွှာ

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်နေ့

ယနေ့ ၂၀၂၅ ခုနှစ် အောက်တိုဘာ (၂၅) ရက်နေ့သည် ကချင်အမျိုးသားလက်နက်ကိုင် Kachin Independent Organization (KIO) စတင်တည်ထောင်သည့် (၆၅)နှစ်မြောက် နေထူးအခါသမယပင်ဖြစ်သည်။ ဤ နေ့ထူး အခါသမယတွင် Kachin Independent Organization/ Kanchin Independent Army (KIO/KIA) နှင့် ကချင်ပြည်သူများ၏ နိုင်ငံရေး ရည်မှန်းချက်ရောက်ရှိ နိုင်ရေးအတွက် အသက်ပေးသွားသော ကချင်အာဇာနည်သူရဲကောင်းများ အား ဦးညွှတ် ဂါရဝပြုပါသည်။

(၆၅) နှစ်တိုင်  တော်လှန်ရေးခရီးတလျှောက် KIO/KIA ၏ ညီနောင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် လက်တွဲပြီး အမြော်အမြင်ရှိရှိ ဦးဆောင်ဦးရွက်ပြုမှု၊ ပံ့ပိုးမှု နှင့် ပေးဆပ်မှုများအပေါ် ဂုဏ်ယူလေးစားကြောင်း အလေးအနက် ဖော်ပြလိုပေသည်။

CNF/CNA သည် တအူတုံဆင်း ကချင်ညီနောင်များနှင့်အတူ နိုင်ငံရေးခံယူချက်နှင့် နိုင်ငံရေးဦးတည်ချက် တူညီသော တိုင်းရင်းသားညီနောင်မဟာမိတ်များ၊ NUG အစိုးရ၊ နွေဦးတော်လှန်ရေး လက်နက်ကိုင် အင်အားစုများနှင့်အတူ ပြည်သူလူထုဘက်မှ မားမား ရပ်တည်ပြီး အဆုံးတိုင် တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

ဤ သမိုင်းဝင် နေ့ထူး အခါသမယတွင်  KIO/KIA ခေါင်းဆောင်များနှင့် တော်လှန်ရေး ရဲဘော်များ၊ ကချင်ပြည်သူများအပေါ် ဘုရားရှင်ထံမှ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ နှလုံး၏ ငြိမ်သက်ခြင်း ဆုကျေးဇူးများ သက်ရောက်စေကြောင်း ဆန္ဒပြုယင်း ဤဂုဏ်ပြုသဝဏ်လွှာကို ပေးပို့လိုက်ရပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး